သတင်းရင်းမြစ် > ကိုပြောင်ရှည်
သောကြာနေ့၊ ဒီဇင်ဘာလ ၂၁ ရက် ၂၀၀၇ ခုနှစ် ၀၀ နာရီ ၄၂ မိနစ်

ဗေတပ်ဘေ တပ်ဘေ ဗေတပ်ဗေတပ်ဗေ ဂျိဂျိ ...

(ရွာစား စိန်ပတ်ရှည်ကိုယ်တိုင် ရေးစပ်သော တေးသီချင်း တီးလုံးသံနဲ့ အတူ ဗိုအားမပြည့်တဲ့ မီးဆလိုက်တွေက မှိတ်တုတ်မှိတ်တုတ် ပေါ့ဗျာ .. ဩော်.. နယ်ပွဲဆိုတော့လည်း ဒီလောက်ရှိမှာပေါ့ ။ ပရိသတ်ကြီးရေ ဖယောင်းတိုင်နဲ့ မကရတာ တော်သေး)

မင်းသားတေဇဆို

" မေတ္တာအစဉ်လာ ချစ်စရာသဘင်မဟာ ..
ကိုကိုတေတို့ကတဲ့ပွဲမှာ ကြွလာမိတ်သဟာ
ရွှင်လမ်းပါစေဗျာ ..
အဆိုအကအတီးအမှုတ် အလင်္ကာတေးသရုပ်
ယဉ်ကျေးမှုတို့သန္ဓေတည်လေရာ
မြန်မာ့စင်မြင့်မှာ .. အထူးအထွေဆန်းတာ
နစ်တွေအတော်ကြာ .. အသစ်တွေမမြင်ပါ
မျှော်လင့်သော ငြိမ်းချမ်းရေးအတွက်
ဆုတွေတောင်းလိုက်မှာ ........................... "

မင်းသား ။ ။ " ကိုင်း ... ရွာစား .. ဟောသလိုလေး ခပ်ကြမ်းကြမ်းလေး ချလိုက်မယ်ဗျာ "
(မင်းသား ညာသံပေးလိုက်တယ် ဆိုရင်ပဲ .. ပတတ်ပတတ် ဘေဘေဂျိဂျိ - ရွာစားကျော်စိန် ပတ်ရှည် လက်စွမ်းပြပါလေရော.. မင်းသား ဖွဲကောင်းကောင်းနဲ့ အားကျိုးမာန်တက် ကနေလိုက်တာများ အိပ်တန်းဝင်တဲ့ကျီးကန်း လန့်သေနိုင်တယ်)

ဆိုင်းအဖွဲ့တော်သားများ ။ ။ " ကိုကိုတေရေ .... ဝါးဝါးဝါး .. လားလားလား........ "

ပြောင်ရှည် ။ ။ " ပရိသတ်ကြီးရေ .. အပေါ်က မင်းသားကလည်း ချ၊ အောက်က လူတွေကလဲ 'ဝါး' ဆိုပါလား ဟန်ကိုကျရောဗျာ .. " (အော်ပြောလိုက်သေး)

မင်းသားအက ပြီးသွားတယ်ဆိုရင်ပဲ ..

လျှာရှည် ။ ။ " ကောင်းပ မင်းသားရေ.. ဘားအံ ပရိသတ်ကြီးကလည်း သဘောကို ကျလို့ဗျ .. "

မင်းသား ။ ။ " ကိုလျှာရှည်လေး .... ရေ .. "

လျှာရှည် ။ ။ " တေတေ .. တေတေ..........တေတေ လေးရေး .. " (တေတွေ ထပ်သွားတယ်)

ပြောင်ရှည် ။ ။ " ဒါကြောင့် မင်းကို တော်တော်ကို ရှည်တဲ့အကောင်လို့ ပြောတာ .. တေတေလေးရေဆို ရပြီ .. "

မင်းသား ။ ။ " ဟိုဖက်က .. အင်း..... "

ပြောင်ရှည် ။ ။ " အင်းမဟုတ်ဘူး .. လက်ဖွဲ့မင်းသားရေ .. "

လျှာရှည် ။ ။ " လက်ဖွဲ့ဆို မင်းသမီး သန်တာရှည်ကိုသာ သွားပေး .. သိပ်ကြိုက်တာ .. "

မင်းသား ။ ။ " ကိုပြောင်ရှည်လေးရေ .. "

ပြောင်ရှည် ။ ။ " မောင်မောင်တေလေးရေ .. "

မင်းသား ။ ။ " ယေကေစိ ပါဏဘူတတ္ထိ ..၊ တသာဝါ ထာဝရာဝ..၊ ဒီဃာဝါ ရေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ..တဲ့..။
အလုံးစုံသော၊ ကြောက်လန့်တတ်သော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ တို့သည်လည်းကောင်း၊ မကြောက်လန့်တတ်သော အနာဂါမ် ရဟန္တာ တို့သည်လည်းကောင်း၊ ခန္ဓကိုယ် ရှည်လျားသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ခန္ဓာကိုယ်ကြီးမားသော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ မတိုမရှည်၊ မကြီးမငယ် အလယ်အလတ် သတ္တဝါတို့သည် လည်းကောင်း၊ ခန္ဓာကိုယ်တိုသော သတ္တဝါတို့သည် လည်းကောင်း၊ ခန္ဓာကိုယ် သေးငယ်ကြုံလှီသော သတ္တဝါတို့သည် လည်းကောင်း၊ ခန္ဓာကိုယ် ဆူဖြိုးသော သတ္တဝါတို့သည် လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည် ဖြစ်ကြပါစေသတည်း ... လို့ သားသားလေးက ဟောသလို မေတ္တာ ပို့လိုက်ပါရစေခင်ဗျာ.....။ "

ပြောင်ရှည် ။ ။ " မင်းသား ... ဘယ်တုန်းက ကျက်ထားတာလဲ .. "

မင်းသား ။ ။ " အင်း .. စီးပွားပျက်ကတည်းက ဆိုပါတော့ .. ၊ ဩော် ... မောင်ပြောင်ရှည်ရယ် ..၊ အကောင်းပြောနေတာလေ..၊ ကဲ .. ကဲ ..
တဦးနဲ့တဦး အမုန်းပွားနေကြရုံနဲ့ မအေးချမ်းနိုင်ပါဘူး .. အရင်းစစ်ရင်တော့ ဗုဒ္ဓဘုရားရှင်တော်မြတ်ရဲ့ သာသနာ လောင်းရိပ်အောက်မှာ ဒို့တတွေ တညီတညာနဲ့ မဂ္ဂင်ဖောင်ကြီးစီးပြီး နိဗ္ဗာန်ကို ဝင်နိုင်ဖို့ပဲ မဟုတ်ပေဘူးလားဗျာ .. "

လှျာရှည် ။ ။ " မင်းသား .. ကျနော် အဲဒီနိဗ္ဗာန် မဂ္ဂင်ဖောင်ကြီးစီးပြီး မလိုက်ပါရစေနဲ့ .. ကြောက်လို့ .. "

ပြောင်ရှည် ။ ။ " မင်းတော်တော်ပဲကွာ ..၊ မင်းသားက စေတနာနဲ့ ခေါ်တာ မင်းက ငြင်းရက်တယ် .. "

လှျာရှည် ။ ။ " မင်းဘာသိလို့လဲ ..၊ မဂ္ဂင်ကျောင်းကြီး ဝင်စီးလိုက်တာ အကုန်လမ်းဘေး ရောက်ကုန်ရော..၊ အဲဒီ မဂ္ဂင်ဖောင်သာ စီးမိရင် ရေထဲကန်ချခံရလို့ နိဗ္ဗာန်မရောက်ဘဲ ကိစ္စချောနိုင်တယ်ကွ .. "

မင်းသား ။ ။ " လုံးဝ မကျေနပ်ဘူး ကမ္ဘာမကြေဘူး .. ရိုက်မယ်ကွ ရိုက်မယ် .. "

(လူရွှင်တော်များ ဝိုင်းကာ ဆွဲထားကြ)

မင်းသား ။ ။ " ရိုက်မယ်..၊ အချိန်မရှိတော့ဘူး ရိုက်ကို ရိုက်မယ် .. "

ပြောင်ရှည် ။ ။ " မင်းသား မောင်ရင်ငတေ... မမိုက်စမ်းပါနဲ့ဗျာ ..၊ မောင်ရင်ငတေ .. လိမ္မာစမ်းပါ..၊ ဒေါသကို ထိန်းမှပေါ့ မင်းသားရယ် .. "

လှျာရှည် ။ ။ " မင်းသား အရမ်းသွား မလုပ်ပါနဲ့ စိတ်လျှော့လိုက်ပါ .. "
(လူရွှင်တော်များ အသဲအသန် တောင်းပန်နေရတယ်၊ မင်းသားတေဇကို လက်တဖက်တချက်ကနေ ဝိုင်းဆွဲဆန့်ထား၊ မင်းသားက ရိုက်မယ်ဆိုတာကြီး ဖြစ်နေသကိုး ..၊ ပွဲကတော့ ကြမ်းလာပြီ ပရိသတ်ကြီးကလည်း လှုပ်လှုပ်ရွရွပေါ့)

မင်းသား ။ ။ " မင်းတို့ က ငါကိုဆွဲနေတာလား.. ကားစင် တင်နေတာလား .. "
(ပြောလည်း ပြောချင်စရာပဲ ခြေကားယား လက်ကားယားနဲ့ ရာဇဝတ်သား ကြိုးစင်တက်ခါနီးပုံစံ

ပေါက်နေလေရဲ့ဗျာ)

လျှာရှည် ။ ။ " မင်းသားကို အကြောအချင် ပြေစေချင်လို့ပါ .. "

မင်းသား ။ ။ " ဘယ်လို ဖြစ်နေကြတာတုန်း..၊ မဆွဲကြနဲ့ .. မနက်ဖြန် တိုင်းမှူးနဲ့ စားရင်းသောက်ရင်း ဂေါက်ရိုက်ဖို့ ပြောတာဗျ ..၊ ကျုပ်မနေ့က ရှုံးထားလို့ .. ထပ်ချိန်းထားတာ ..၊ မကြေပွဲလေးပေါ့ .. "

ပြောင်ရှည် ။ ။ " ဟော ... အဟုတ်မှတ်လို့ ဆွဲလိုက်ရတာ လက်စပ်သပ်တော့ ဒို့မင်းသားက တိုင်းမှူးတွေနဲ့ ရိုက်စားနေတာကိုး.. "

လျှာရှည် ။ ။ " သြော် .. ဂေါက်ဂေါက်ကိုး..၊ ကမ္ဘာကျော်မင်းသားက အဲလို ရိုက်ချက်က ပြင်းတာ ပရိသတ်ကြီးရ .. "
(ပရိသတ် ပြန်ငြိမ်သွားလေရဲ့)

မင်းသား ။ ။ " ကိုင်း .. ဒါဆိုလဲ မဂ္ဂင်ဖောင် မစီးရဲရင် .. ဟတ်စကီးစီးပြီး နိဗ္ဗာန်ဝင်ကြရအောင်ဗျား .. "

ပြောင်ရှည် ။ ။ " မင်းသား.. ပိုဆိုးတယ်နော် ဒီဘားအံနားက တရုတ်လုရွာသားတွေ အကုန်သိတယ် အဲဒီ နိဗ္ဗာန်အကြောင်း .. "

မင်းသား ။ ။ " သြော် .. ခက်လိုက်ပါဘိ..၊ ဒါဆိုလဲ ဒီထက်မြန်တဲ့ တိုက်လေယာဉ်ကြီးစီးပြီး ... ဝင်မယ်ကွယ် .. "

လျှာရှည် ။ ။ " အောင်မလေး .. အဲဒါကပိုဆိုးတယ်...တရုပ်က အင်ထုရောင်းထားတဲ့ တိုက်လေယာဉ်တွေ ပျက်ပျက်ကျတာ တဒါဇင်နီးပါးရှိပြီ၊ မသိဘူးလား။ အခုကတည်းကသာ သတ်လိုက်ပါလား..၊ မိန်းမ မုဆိုးမဖြစ်အောင် လုပ်နေတာလား မင်းသား မောင်မောင်တောရဲ့ .. "

မင်းသား ။ ။ ကိုင်း.. ဒါဆိုလဲ ဖြေးဖြေးလေးနဲ့ ရှီးရာမပျက် လှည်းပဲစီးပြီး ဝင်ကြရအောင်ဗျာ .. "

ပြောင်ရှည် ။ ။ " ပုံမှန်ပဲ ကောင်းပါတယ် မင်းသားရယ် ..၊ နိဗ္ဗာန်ကို လောဘနဲ့ သွားလို့မရဘူးလေ .. "

မင်းသား ။ ။ " ကောင်းပါဗျာ...၊ မနက်ဖြန်အတွက် ရိုက်ဖို့ အားမွေးလိုက်အုံးမယ် .."
(ကမ္ဘာကျော်မင်းသား ထွက်သွားလေရဲ့..)

လျှာရှည် ။ ။ " အေးကွ.. နိဗ္ဗာန်ဆိုတာ အမှန်တော့ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ လို့ဒီလို အဆိုရှိတယ် မဟုတ်လားကွဲ့ .. ဒီသံသရာ ဆိုတာကနေ လွတ်ကင်းသွားတဲ့ အရပ် ..၊ ဘယ်လောက်ကောင်းလဲ .. "

ပြောင်ရှည် ။ ။ " အေးလေ.. ဒါကြောင့်လဲ .. ရွှေတိဂုံဘုရားရှေ့ဖက်မုခ်က နိဗ္ဗာန်ဆိုင်တွေ ကင်းလို့လည်းမရ၊ ကုန်လိုက်တာမှ သောက် သောက်လဲ ..၊ ချုပ်လိုက်တာ လွတ်ရက်ကိုမမြင် ..၊ ငြိမ်းသွားတာမှ တရပ်ကွက်လုံးတောင် ပြောင်ရော .. "

လျှာရှည် ။ ။ " အင်း..ဟုတ်ပဗျာ ဒါကြောင့်လဲ နီးလျက်နဲ့ ဝေးနေတာ သုဿန် ..၊ ဝေးလျက်မသိတာ နိဗ္ဗာန်လို့ ဆိုကြတာပေါ့ဗျာ၊ လွယ်လွယ်နဲ့တော့ ဘယ်ရမလဲဗျာ .. "

ပြောင်ရှည် ။ ။ " ကျုပ်လည်း တရားစခန်းတွေမှာ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ တော်တော်များများ အားထုတ်ခဲ့ဖူးတယ်ဗျ ... ၊ ဟော .. အခု အသစ်ပေါ်နေတဲ့ နအဖ တရားစခန်းလေးက တမျိုးဗျ .. "

လှူာရှည် ။ ။ " ဘယ်နေရာမှာတုန်း ..၊ ဘာလဲဗျာ မဟာစည်ဆို မဟာစည်၊ မိုးကုတ်ဆို မိုးကုတ် ဒီလိုလုပ်စမ်းပါ။ ဘာလဲ .. နအဖ ဆိုတာက ... "

ပြောင်ရှည် ။ ။ " သြော်.. ခက်ပါရောလား..၊ နေပြည်တော် ကြပ်ပြေးက တောရ တရားစခန်းကိုပြောတာ၊ နအဖ ဆိုတာက အတိုကောက်၊ အမှန်က .. 'နိဗ္ဗာန်အကြောင်း ဖောက်သည်ကောင်း တရားစခန်း' .. တဲ့ ၊ ဟောသလိုလာတာ.. သူတရားမှတ်ပုံနည်းလေးတွေက
တမျိုးလေးဗျ .. "

လှူာရှည် ။ ။ " အင်း .. လုပ်စမ်းပါအုံးဗျ စိတ်ဝင်စားစရာပဲ "

ပြောင်ရှည် ။ ။ " အမှန်ကတော့ ဓါတ်ကြီးလေးပါကို အခြေခံတာပဲဗျ၊ ပထဝီ တေဇော အာပေါ ဝါယော ပေ့ါဗျာ ... "

လှူာရှည် ။ ။ " အင်း .. ဒါက အားလုံးအတူတူပဲလေဗျာ "

ပြောင်ရှည် ။ ။ " တူပေမယ့် .. မူကတော့ကွဲတယ်ဗျ ..၊ ဒီလိုဗျာ ပထဝီ ဆိုတာအမာဓါတ်၊ ထောက်ခံတတ်တဲ့၊ ပြန်ကန်တတ့် သဘောပေ့ါဗျာ၊ အဲသလို အမာတွေဆို အကုန်ပြန် မခုခံနိုင်အောင် ဈေးသည်စကားအရ ပြောရင် ရောင်းပစ်လိုက်ရတယ်၊ စိတ်ထဲမှာ ရှင်းသွားအောင် ..၊ အကုန် ရှင်းပြစ်လိုက်ရတယ်ဗျာ .. "

လှူာရှည် ။ ။ " အေးလေ ...၊ မှန်တယ်လေဗျာ အမာသဘော..၊ ဥပမာ မြေကြီးလိုမျိုးပေ့ါ .. "

ပြောင်ရှည် ။ ။ " မှန်ပဗျ ..၊ ဒါကြောင့် အဲသလိုမာတဲ့ မြေကြီးမှာရှိတဲ့ ပတ္တမြားတို့ ကျောက်စိမ်းတို့၊ ဒါ အားလုံးဟာ အမာသဘော..၊ အကုန် ရောင်းပစ်လိုက်ရတယ်၊ ဒါဆို ရှင်းသွားရော ..၊ အတိုက်အခံဖြစ်မယ့် ဟာတွေဆိုလည်း၊ အကုန် ရှင်းပြစ်လိုက်ရတယ် ..၊ အဲသလို လာတာဗျ၊ သူ့နည်းလေးက .. "

လှူာရှည် ။ ။ " အင်း .. မမာအောင် မွေးကတည်းက ပိုလီယို ဖြစ်ရမလို ဖြစ်နေပြီ .. "

ပြောင်ရှည် ။ ။ " ဟော..တေဇောဓါတ်..၊ အဲဒီ တေဇောဓါတ်ဆိုတာ မီးပေ့ါဗျ ..၊ ဘယ်လောက်ပူလဲ၊ ကျနော်တို့ခန္ဓာမှာ လောင်ကျွမ်းနေတာ တမြိုက်မြိုက်နဲ့ .. "

လှူာရှည် ။ ။ " ဒါပေ့ါဗျာ မီးဆိုရင် ပူတာကြီးပဲ။ များများလောင်လေ .. များများပူလေပဲ .. "

ပြောင်ရှည် ။ ။ " အဲဒါကြောင့် မီးဆိုရင် ဘယ်မီးမှ မကောင်းတော့ အကုန် ငြိမ်းသတ်လိုက်တယ်၊ ဥပမာ.. လမ်းမီး၊ အိမ်မီး။ .. ဒါတွေက မီးတွေလေ .. မီးဆို ပူလောင်တယ်လေဗျာ ..၊ အမြဲတမ်း လာနေလို့မကောင်းဘူး၊ ငြိမ်းလိုက် လာလိုက် လုပ်ပေးရတယ်၊ ငြိမ်းလိုက်တော့ ရှင်းသွားရော၊ အေးသွားရောပေ့ါဗျာ .. ။ "

လှူာရှည် ။ ။ " သြော် ..၊ တရားသဘောနဲ့ ငြိမ်းသတ်တာကိုး...။ ဒါဆို တရားစခန်းမှာလည်း..၊ မီးမရှိဘူးပေ့ါ .. "

ပြောင်ရှည် ။ ။ " ကိုလှူာရှည်ကလဲ သူကတရားပြနေတော့ ယောဂီတွေ စာဖတ်လို့ရအောင် ထွန်းပေးထားရတာပေ့ါ .. "

လှူာရှည် ။ ။ " ဒီမှန်းသိရင် ယောဂီတွေနဲ့အတူ စာသွားဖတ်ပါတယ် .. "

ပြောင်ရှည် ။ ။ " ဝါယောဓါတ်ကကျတော့ ခင်ဗျားသိတဲ့အတိုင်းပဲ.. လေဓါတ်၊ သူလည်း ဒုက္ခပေးတာပဲဗျ၊ ခန္ဓာကိုယ်ကို ဖွဲ့စည်းပေးတဲ့ နေရာမှာ အရမ်းအရေးကြီးတယ် ..။ ဒါပေမယ့် ဝါယောဓါတ် လွန်ကဲရင်လည်း

သေတာပဲဗျာ ..၊ ခါတ်ဖောက်ပြန်တဲ့ သဘောပေ့ါ.. ။ ”

လျှာရှည် ။ ။ “ မှန်လိုက်လေဗျာ ..၊ လေပြင်းများ တိုက်လိုက်ရင် သစ်ပင်ကြီးတောင် ပြိုလဲတာပဲ ..”

ပြောင်ရှည် ။ ။ “ ဟုတ်ပဗျာ ..၊ ဒါကလည်း သစ်ပင်ကြီးတွေက ခုခံနေတာကိုး..၊ တကယ်လို့ ခုခံစရာမရှိရင် လေဘယ်လောက် တိုက်တိုက် သူဟာသူ ပြယ်သွားလိမ့်မယ် ..။ လဲပြိုစရာ အကြောင်းကို မရှိတော့ဘူး..။ သိပ္ပံနည်းအရတော့ အပင်ကလူကို အကျိုးပြုတာကိုး..၊ လိုအပ်တာပေ့ါဗျာ .. ။ ”

လျှာရှည် ။ ။ “ လိုမှလိုပဲဗျာ ..၊ အပင်မရှိရင် သဘာဝဝန်းကျင်ပါ ထိခိုက်ပေ့ါဗျာ.. ”

ပြောင်ရှည် ။ ။ “ အဲဒီ တရားစခန်းကတော့ အဲဒီလိုမျိုး အပင်တွေဆို ပထဝီခါတ် သဘောအတိုင်းပဲ..၊ အကုန် ရောင်းပစ်ရတယ်။ အမြစ်ပြတ် နိုင်လေကောင်းလေပဲ ..၊ ဒါဆို .. ဝါယောခါတ်လည်း အေးသွားရောဗျာ .. ”

လျှာရှည် ။ ။ “ အမေရိကန် ဒုသမ္မတဟောင်း အယ်လ်ဂိုးကို နိဘယ်(လ်)ဆုပေးဖို့ မကောင်းဘူး..၊ နအဖ တရားစခန်းကို ပေးရမှာ..၊ ဒါ.. တရားသဘောနဲ့ ရှင်းနေတာ..၊ ဘယ်လောက်ကောင်းလဲ ..၊ ပတ်ဝန်းကျင်လဲ အေးသွားရော .. ”

ပြောင်ရှည် ။ ။ “ အာပေါခါတ်..၊ ယိုစီးတဲ့သဘောပေ့ါဗျာ..၊ အထူးသဖြင့် ခန္ဓာကိုယ်ထဲမှာ သွေးတွေဟာ အာပေါစီးဆင်းမှု သဘောအရ လည်ပတ်နေလို့ ခင်ဗျာတို့ ကျွန်တော်တို့ အသက်ရှင်နေနိုင်တယ် မဟုတ်လားဗျာ .. ။ ”

လျှာရှည် ။ ။ “ မှန်တာပေ့ါဗျာ ဒီလိုသာ မလည်ပတ်ရင် သွေးကြောပိတ်သေတာတို့ သွေးပေါင်ကျတာတို့ ဖြစ်ရောပေ့ါဗျာ .. ။ ”

ပြောင်ရှည် ။ ။ “ ဒါပေ့ါဗျာ အဲဒါကြောင့် ဒီလိုစီးဆင်းမှု သဘောရှိတဲ့ ရေတို့ ဂက်စ် တို့ဆိုတာ မပိတ်ရဘူး..၊ သူတို့ကိုလည်း ပထဝီ ခါတ်သဘောအတိုင်း ထွက်သလောက် ရောင်းရတယ်..၊ တရားသဘောနဲ့ ရောင်းပစ်လိုက်ရတယ်..၊ စီးနေတဲ့ ရေကိုသွားတားရင် အခန့်မသင့်ပဲ ဖေါက်ပြန်ပျက်စီး သွားနိုင်တယ်လေဗျာ ..၊ မနေမြောရဘူးဗျ .. ”

လျှာရှည် ။ ။ “ တော်တော် ထိတာပဲဗျာ..၊ အကုန်သာ ရောင်းလိုက်..၊ အဲလိုခါတ်ကြီးလေးပါး ကုန်သွားရင် နိဗ္ဗာန်ရောက်ရောလား.. ”

ပြောင်ရှည် ။ ။ “ ပြေးပြီပေ့ါဗျာ .. ”
လျှာရှည် ။ ။ “ အော် .. အကောင်းမှတ်လို့ .. ”

ပြောင်ရှည် ။ ။ “ ပြေးတယ်ဆိုတာ စိတ်ကို ပြောတာဗျ ..၊ လောကမှာ အထိမ်းရအခက်ဆုံးက အဲဒီစိတ်ပဲ။ ဒါကြောင့် အဲဒီ ပြေးနေတဲ့စိတ်ကို ထိမ်းရလွယ်အောင် တရားရှုမှတ်နည်း အမျိုးမျိုးဆိုတာ ရှိတာပေ့ါဗျာ ..။ မူကွဲလေးတွေပေ့ါ .. ။ ”

လျှာရှည် ။ ။ “ ဟုတ်ပြီ..၊ ဆက်စမ်းပါဦး..၊ ကျုပ်တောင် နည်းနည်း တရားပေါက်လာပြီ .. ”

ပြောင်ရှည် ။ ။ “ ခင်ဗျားသိမှာပါ ..၊ တချို့တရားစခန်းတွေကျတော့..၊ ‘ ဂါထာ’ လို့ခေါ်တဲ့ ဂဏန်းသင်္ချာ မှတ်နည်းကို သုံးတယ်ဗျာ၊ ယောဂီ အသစ်တွေ အတွက်ပေ့ါ .. ။ ဥပမာ.. ဝင်လေထွက်လေ ၁ ၊ ဝင်လေထွက်လေ ၂ ... ဝင်လေထွက်လေ ၈ အထိ မှတ်တယ်ဗျာ .. မဂ္ဂင်ရှစ်ပါးကို အာရုံပြုပြီးပေ့ါ .. ”

လျှာရှည် ။ ။ “ အာရုံမပြုနဲ့တော့ ..၊ တပါးမှကို မရှိတော့တာ ..၊ အကုန်နင်ထုတ်လိုက်ပြီ ... ”

ပြောင်ရှည် ။ ။ " သြော်... ရောကုန်ပြီ ..၊ အင်း.. ဒီ နအဖ တရားစခန်းကလည်း မဂ္ဂင်ရှစ်ပါးကို အာရုံမပြုပါဘူး ..၊ သူက ဒီလိုမှတ်တာ.. ဝင်လေ ၁၀၀၀၀၀ ထွက်လေ ၁ ၊ ဝင်လေ ၂၀၀၀၀၀ ထွက်လေ ၁...ဝင်လေ ၁ သန်း ထွက်လေ ၁ .... ။ "

လျှာရှည် ။ ။ " အင်း... သူ့နည်းကလည်း အဝင်ချည်းများပြီး..၊ အထွက်ကို မရှိတော့သလောက်ပဲနော် .. "

ပြောင်ရှည် ။ ။ " အင်းပေ့ါ ..၊ ဝင်တာ ဂဏန်းအရေတွက်များလေ ကောင်းလေပဲ..၊ ဂဏန်းကြီးလေ စားလို့ကောင်းလေ ဆိုသလိုမျိုးပေ့ါ ..၊ အဲသလိုရှုတာဗျား .. "

လျှာရှည် ။ ။ " ကောင်းပါလေ့ဗျာ.."

ပြောင်ရှည် ။ ။ " ဟော ..နအဖ တရားစခန်းက ယောဂီမများကျတော့ ..တမျိုး၊ ဖောင်းပိန်ရှုနည်း သိတယ်မဟုတ်လား ..၊ "

လျှာရှည် ။ ။ " သိပဗျာ အတော်ကောင်းတဲ့နည်းပဲ ..၊ အဲလိုပဲ ရှုတာလား .. "

ပြောင်ရှည် ။ ။ " မှုကွဲတယ်ဗျ .. "

လျှာရှည် ။ ။ " ရှင်းစမ်းပါဦး..၊ နည်းသစ်လေးတွေ ရတာပေ့ါ .. "

ပြောင်ရှည် ။ ။ " ဒီလိုဗျ..၊ သူတို့က ဖောင်းတယ် ..၊ ပိန်တာကို မမှတ်ဘူး။ .. အသက်ကို ရှူထုတ်လိုက်တယ် .. ဖေါင်းတယ်၊ ပိန်တာ မမှတ်ဘူး..။ အသက်ပြန်ရှူသွင်းရင် ဖောင်းတယ် ..၊ ပိန်တာကိုမမှတ်ဘူး .. "

လျှာရှည် ။ ။ " သြော် ..၊ သူတို့က ဖောင်းတာကို ပဲမှတ်တာပေ့ါ ..၊ ပိန်တယ်လို့ မှတ်လို့ မရဘူးလား.. "

ပြောင်ရှည် ။ ။ " အင်း... ပိန်တယ်လို့ မှတ်လိုက်တဲ့နေ့က ပြုတ်တဲ့နေ့ပဲဗျာ .. "

လျှာရှည် ။ ။ " (ဖြောင်း.. ကနဲ ပြောင်ရှည်ကိုရိုက်ချ) ကောင်းလိုက်တဲ့ တရားထိုင်နည်း .......... "

ထိုအချိန်မှာ .. နိုင်ငံကျော် ဒါရိုက်တာကြီး၊ စာရေးဆရာကြီး ဘဘဦးသုခ၏ 'ဘဝသံသရာ' သီချင်းသွားအား ဆိုင်းဆရာ စိန်ပတ်ရှည်အဖွဲ့မှ ..၊ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်၊ တူရိယာ စုံလင်စွာ အတီးညက်ညက်ဖြင့် ပို့ပေးတော့၏။

" ဘဝသံသရာ..၊ ရှည်လျား ထွေပြား မနေမနား တသွားတည်းသွားရမှာ..၊
လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ အဝိဇ္ဇာပစ္စယာ .. သင်္ခါရာတဲ့ ..
ရယ်လိုက် .. ငိုလိုက် .. မတည်ငြိမ်ပြန်တာ ..
ဘယ်ခါမတည်မြဲ ..ဖောက်လွဲဖောက်ပြန် ..
အကြောင်းကံ.. ကံမှသကာ ..... "

ပြီးပါပြီ ...

ကိုပြောင်ရှည် ရေးသားတင်ဆက်သည်။